ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၉၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ပါတီညီလာခံကိစ္စ။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ လူမှုရေးကိစ္စ။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ အစည်းအဝေး။ ဦးလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**သူတစ်ပါးထိခိုက်မှုအာမခံကို ပုဂ္ဂလိက အာမခံကုမ္ပဏီများအား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ နှင့် မော်တော်ယာဉ် သက်တမ်းတိုးသည့် နေရာဌာနများတွင် သူတစ်ပါးထိခိုက်မှု အာမခံကို One stop service စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က သူတစ်ပါးထိခိုက်မှုအာမခံကို ပုဂ္ဂလိက အာမခံကုမ္ပဏီများအား ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ နှင့် မော်တော်ယာဉ် သက်တမ်းတိုးသည့် နေရာဌာန များတွင် သူတစ်ပါးထိခိုက်မှု အာမခံကို One stop service စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ တို့နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ် ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ဒီနေ့ မေးမြန်းမယ့်၊ မေးမြန်းခွင့်ရရှိခဲ့တဲ့ မေးခွန်းကတော့ သူတစ်ပါးထိခိုက်မှု အာမခံကို ပုဂ္ဂလိကအာမခံကုမ္ပဏီများအား ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ နဲ့ မော်တော်ယာဉ် သက်တမ်းတိုးတဲ့ နေရာဌာနတွေမှာ One stop service စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ အခုဆိုရင် ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို တည်ထောင်ဆောင်ရွက်ခွင့်ပြုနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ဘဏ်လုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာန၊ ယခုလက်ရှိတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ကပဲ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဘဏ်လုပ်ငန်းတွေကို Private Sector ပုဂ္ဂလိကလုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ပြုလိုက်တဲ့အချိန်မှာ အင်မတန်မှ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်တယ်။ Service ပေးတဲ့နေရာမှာလည်း ဘယ်လောက် ကျွန်တော်တို့ အစိုးရဘဏ်နဲ့ ပုဂ္ဂလိကဘဏ်တွေနဲ့ ကွာခြားတယ် ဆိုတာကို အားလုံးသိရှိပြီး ဖြစ်ပါတယ်။ အဲဒီတော့ အခု နိုင်ငံတော်ရဲ့ မူဝါဒ ပြောင်းလဲသွားတာနဲ့အညီ နိုင်ငံခြားကနေ မော်တော်ယာဉ်တွေကို မြောက်မြားစွာ တင်သွင်းခွင့် ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ယခု နဂိုရှိတဲ့ မော်တော်ယာဉ်တွေရဲ့ ယနေ့အချိန်မှာဆိုရင် (၅)ဆလောက် ဖြစ်လာပါပြီ။ အဲဒီ မော်တော်ယာဉ်တွေ အကုန်လုံး၊ စက်တပ်ယာဉ်တွေ အကုန်လုံးဟာ သူတစ်ပါးထိခိုက်မှု အာမခံ (Premium) ကို မဖြစ်မနေ ဝယ်ရပါတယ်။ ဒီလောက်ကြီးမား ကျယ်ပြန့်နေတဲ့ ဈေးကွက်ကြီး တစ်ခုလုံးကို State Own Insurance လုပ်ငန်းတစ်ခု၊ Enterprise လုပ်ငန်းတစ်ခုဖြစ်တဲ့ မြန်မာ့အာမခံလုပ်ငန်းကပဲ လုပ်ကိုင်ဆောင်ရွက် နေတာဟာ ဈေးကွက်စီးပွားရေးစနစ်နဲ့ ညီညွတ်မှု ရှိပါရဲ့လား။ နိုင်ငံတကာမှာလည်း နိုင်ငံပိုင် အာမခံ ကုမ္ပဏီတွေ ရှိပါတယ်။ ဒါပေမဲ့ ဒီအာမခံကုမ္ပဏီတွေဟာ တခြားအာမခံ ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင် ပြီးတော့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

အခုကျွန်တော်တို့ ဥပဒေရေးဆွဲပြီးတော့ ပြဋ္ဌာန်းနေတဲ့ ကျွန်တော်တို့ ဒီ Competition Law ခေါ် Antitrust Law ခေါ် ယှဉ်ပြိုင်မှုဥပဒေနဲ့ ဆိုရင်ကော ဒါတွေဟာ ညီညွတ်မှုရှိရဲ့လား ဆိုတာ တွေကို ကျွန်တော်တို့ သုံးသပ်ဖို့ လိုလာပါပြီ။ ဘဏ်လုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်းတွေလိုပဲ ပုဂ္ဂလိ က အခန်းကဏ္ဍကို ပေးလိုက်မယ်ဆိုရင် ဝန်ဆောင်မှုတွေဟာ အများကြီးကို တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုန်သည်လမ်းပေါ်မှာရှိတဲ့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)မှာ သူတစ်ပါးထိခိုက်မှု Premium ကို တော်တော်များများ ဆောင်ရွက်ဖူးပါတယ်။ မနက်(၉)နာရီ ရုံးဖွင့်တဲ့အချိန်မှာ (၈)နာရီ မထိုးခင်ကတည်းက အဲဒီ ကုန်သည်လမ်းပေါ်မှာ လူတန်းအရှည်ကြီးပါပဲ။ တန်းစီပြီးတော့ ဆောင်ရွက်နေရတာပါ။ နောက်တစ်ခါ ကောင်တာ(၇)ခု ရှိပါတယ်။ ဒီ အာမခံလုပ်ငန်းက ဝန်ထမ်းတွေလည်း အင်မတန်မှ ပင်ပန်းပါတယ်။ မနိုင်ဝန်ကို ထမ်းနေရသလိုပါပဲ။ ဒီလောက် မြောက်မြားစွာသော ယာဉ်ပိုင်ရှင် တွေနဲ့ တစ်ခါတည်း တိုးခွေ့ပြီးတော့ကို ဆောင်ရွက်နေရတဲ့ အနေအထားဖြစ်ပါတယ်။

နောက်တစ်ခု တင်ပြလိုတာကတော့ မော်တော်ယာဉ် သက်တမ်းတိုးတဲ့ နေရာတွေက တစ်နေရာစီ၊ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးနဲ့ပဲ ဥပမာပေးရမယ်ဆိုရင် မြောက်ပိုင်းခရိုင်မှာဆိုရင် အင်းစိန်။ တောင်ပိုင်းခရိုင်မှာဆို သန်လျင်။ နောက် ကျွန်တော်တို့ အရှေ့ပိုင်းခရိုင်ဆိုရင် တောင်ဒဂုံ။ တစ်ခါ အနောက်ပိုင်းခရိုင်ဆိုရင် မြင်သာမှာ တိုးရပါတယ်။ အဲဒီတော့ Premium ဆောင်ရတာက (၁)ရက်။ မော်တော်ယာဉ် သက်တမ်းတိုးရတာက (၁)ရက်။ ဒီလိုမျိုး အချိန်ကြန့်ကြာမှုတွေလည်း များလာပါပြီ။ ဒီအတွက်ကြောင့်မို့လို့ ဒီမော်တော်ယာဉ် တင်သွင်းခွင့်ပြုတာနဲ့အမျှ၊ ဒီမော်တော်ယာဉ်တွေ များပြားလာတာနဲ့အမျှ ဒီ နောက်ဘက်က ချိတ်ဆက်နေတဲ့ ဝန်ဆောင်မှုတွေကိုပါ ပြန်ပြီးတော့ သုံးသပ်ဖို့ လိုအပ်လာပါပြီလို့ တင်ပြလိုပါတယ်။ အနည်းဆုံးတော့ One stop service အနေနဲ့ လုပ်ကိုင် ဆောင်ရွက်ပေးမယ်ဆိုရင် ဒီဘက် ခေတ်စနစ်နဲ့ ညီညွတ်မှာပါ။ ဒါကတော့ အရင်တုန်းက ပုံစံအတိုင်းပဲ မပြောင်းမလဲ စာရွက်စာတမ်းတွေနဲ့ ဆောင်ရွက်နေရသေးတယ်။ ဒီကြားထဲမှာမှ ကျွန်တော်တို့ အခု e-Pension တောင်မှ ကျွန်တော်တို့အခု လုပ်နိုင်နေပြီ။ အခု လူမှုဖူလုံရေးဆိုရင်လည်း ဒီ Credit Card System မျိုးနဲ့ ကျွန်တော်တို့ သွားတော့မယ်ဆိုတော့ ဒီမှာလည်း စာရွက်စာတမ်းတွေ တောက်လျှောက် ကုန်နေမယ့် အစား ဒီလိုမျိုး ကတ်လေးတစ်ခုနဲ့ မလုပ်နိုင်ဘူးလား။ လုပ်ကိုင်မဆောင်ရွက်နိုင်ဘူးလား။

အဓိကအားဖြင့် မေးမြန်းမယ့် မေးခွန်းကတော့ နိုင်ငံပိုင်အာမခံလုပ်ငန်းကပဲ ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်နေတာဟာ ညီညွတ်မျှတမှု ရှိ/မရှိ ဆိုတာကို သုံးသပ်ဖို့နဲ့ သူတစ်ပါးထိခိုက်မှု အာမခံကို၊ ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုရန် အစီအစဉ် ရှိ/မရှိ။ မရှိရင်လည်း ဘာကြောင့်မို့လို့ ဆောင်ရွက်ခွင့်ပြုနိုင်ခြင်း မရှိသည်ဆိုတာကို ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ပြီးတော့ နောက်တစ်ခု မေးမြန်းလိုတာကတော့ မော်တော်ယာဉ် သက်တမ်းတိုးတဲ့ နေရာဌာနတွေမှာလည်း One stop service အဖြစ် သူတစ်ပါးထိခိုက်မှု အာမခံ Premium များကို ဝယ်ယူဆောင်ရွက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ။ မရှိပါကလည်း ဘာကြောင့်မို့လို့ ဆောင်ရွက်ခွင့်မရှိသည်ကို သိရှိလိုပါတဲ့အတွက်ကြောင့်မို့လို့ အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အပြုသဘော မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ ဒုတိယဝန်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဆရာဒေါက်တာ ဦးမြတ်ဉာဏစိုး ရဲ့ မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒေါက်တာမောင်မောင်သိမ်း ဒုတိယဝန်ကြီး ကနေပြီးတော့ ဖြေပေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ပြောချင်တာကတော့ ဆရာဒေါက်တာ ဦးမြတ်ဉာဏစိုး အနေနဲ့ ဒီမေးခွန်းမေးတဲ့ အတွက် ကျွန်တော်တို့ အလွန်ပဲဝမ်းမြောက်ပါတယ်။ ဘာကြောင့်လဲဆိုရင် အာမခံနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ရလို့ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေတဲ့အခါမှာ ကျွန်တော်နည်းနည်းလေး သိုင်းဝိုင်းပြီးတော့ ဖြေပေးချင်ပါတယ်။ ပထမဖြေပေးချင်တဲ့ အချက်ကတော့ ဒီ အာမခံနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို ရောက်ရှိလာပုံတွေကို အကျဉ်းမျှ ကျွန်တော် တင်ပြချင်ပါတယ်။ အာမခံစနစ်၊ အနောက်တိုင်း အာမခံစနစ်က မြန်မာပြည်ကို (၁၉)ရာစု အစောပိုင်းက ရောက်ပါတယ်ခင်ဗျား။ (၁၉)ရာစု အစောပိုင်းက ဘယ်အချိန်မှာ ရောက်သလဲလို့ မေးရင်တော့ ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ၁၈၂၄ ခုနှစ်နောက်ပိုင်းမှာ အင်္ဂလိပ်စစ်တပ်တွေနဲ့အတူ ပါလာတာဖြစ်ပါတယ်။ အဲဒီကစပြီးတော့ အာမခံလုပ်ငန်း တစ်ဖြည်းဖြည်း ကြီးပွားလာပြီးတော့ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ ဗမာပြည်မှာ အာမခံကုမ္ပဏီပေါင်း (၁၀၀)ကျော် ရှိပါတယ်ခင်ဗျား။ အဲဒီ (၁၀၀)ကျော်မှာတော့ ဝမ်းနည်းဖို့ကောင်းတဲ့ အချက်ကတော့ ဗမာပိုင်ကတော့ (၂)ခုပဲ ရှိပြီးတော့ အားအင်ချည့်နဲ့တဲ့ ကုမ္ပဏီ(၂)ခု ဖြစ်ပါတယ်။ အဲဒီ အားအင်ချည့်နဲ့တဲ့ ကုမ္ပဏီ(၂)ခု အနက်က (၁)ခုကို နိုင်ငံပိုင်သိမ်းပြီးတော့မှ နိုင်ငံပိုင်အာမခံလုပ်ငန်း၊ ပြည်ထောင်စု အာမခံစနစ်အဖွဲ့ ဆိုတာ စပြီးတော့ ဖွဲ့လိုက်ပါတယ်။ နိုင်ငံပိုင် အာမခံကုမ္ပဏီဆိုတာ အဲဒီကစပြီး ပေါ်ပေါက်ပါတယ်။ ၁၉၅၂ ခုနှစ်မှာ ဖြစ်ပါတယ်။

၁၉၅၂ ခုနှစ်မှာ ပေါ်ပေါက်ပြီးတော့မှ ၁၉၆၄ ခုနှစ်၊ ပြည်သူပိုင် သိမ်းတဲ့ကာလကျတော့ နိုင်ငံပိုင် အာမခံကုမ္ပဏီ(၁)ခုပဲ ကျန်ပြီးတော့၊ ကျန်တဲ့ အာမခံကုမ္ပဏီအားလုံး မရှိတော့ပါဘူး။ ကျန်တာတွေက နိုင်ငံခြားကဆိုတော့ နိုင်ငံကို အကုန်ပြန်သွားရပါတယ်။ ပြန်သွားပြီးတော့မှာ အဲဒီ ၁၉၆၄ ခုနှစ်ကစပြီးတော့ ၂၀၁၃ ခုနှစ်အထိက မြန်မာ့အာမခံလုပ်ငန်းတစ်ခုတည်းပဲ နိုင်ငံမှာ အာမခံလုပ်ငန်းတွေ လုပ်ပေးပါတယ်။ လုပ်ပေးရာကနေပြီးတော့ ၂၀၁၃ ခုနှစ်ရောက်တဲ့အခါမှာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို ဖွင့်ခွင့်ပေးရမယ် ဆိုတဲ့ မူနဲ့အညီ ကျွန်တော်တို့ ပုဂ္ဂလိက အာမခံကုမ္ပဏီ (၁၂)ခုကို အာမခံလုပ်ငန်းလိုင်စင် ထုတ်ပေးခဲ့ပါတယ်။ ဆိုတော့ အဲဒီ ပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၂)ခုရဲ့ သက်တမ်းဟာ အခုဆိုလို့ရှိရင် အသက်အကြီးဆုံး ကုမ္ပဏီတောင်မှ (၁)နှစ်ကျော်ကာလပဲ ရှိပါသေးတယ်။ အဲဒီတော့ (၁)နှစ်ကျော်ကာလပဲ ရှိသေးတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ သူတို့ကို လုပ်ပိုင်ခွင့်ပေးတဲ့နေရာမှာ ပထမအဆင့် (၆)ခု ခွင့်ပြုလိုက်ပါတယ်။ (၆)ခု ခွင့်ပြုပြီးတဲ့ နောက်တစ်ခါ

ကျွန်တော်တို့ အမြန်လမ်းမကြီးမှာ ခရီးသည် သေဆုံးတာတွေ များတဲ့အတွက်ကြောင့် ခရီးသွား အာမခံ လုပ်ဖို့ ဆိုပြီးတော့ သူတို့ကို ထပ်ပြီးခွင့်ပြုတဲ့အတွက် အခုဆိုလို့ရှိရင် (၇)ခုလုပ်ပိုင်ခွင့် ရသွားပါပြီ။

နောက်တစ်ခု ဆရာဦးမြတ်ဉာဏစိုး ခုနတင်ပြသွားတဲ့အချက်မှာလည်းပဲ မြန်မာ့အာမခံ လုပ်ငန်းအနေနဲ့ လက်ဝါးကြီးအုပ်သလား ဆိုတဲ့ မေးခွန်းပါပါတယ်။ မြန်မာ့အာမခံလုပ်ငန်း အနေနဲ့ လက်ဝါးကြီးအုပ်ဖို့ အစီအစဉ်လည်း လုံးဝမရှိပါဘူး။ သို့သော် လုပ်ငန်းတွေအားလုံး တစ်ခုပြီးတစ်ခု လုပ်ခွင့်ပေးသွားမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အတွေ့အကြုံ နုနယ်သေးတယ်။ သူတို့မှာ လူအား လည်း မပြည့်စုံသေးတဲ့အခါမှာတော့ အားလုံးကို တစ်ပြိုင်နက်တည်း လုပ်ခွင့်ပေးလို့တော့ မရသေးပါဘူး။ အဲဒီလိုပေးရင် ကမောက်ကမဖြစ်ပြီး ဈေးကွက်ပျက်သွားနိုင်တဲ့ အနေအထားရှိပါတယ်လို့ ကျွန်တော် ဖြေချင်ပါတယ်။

နောက်တစ်ချက်က ဒီ သူတစ်ပါးထိခိုက်မှု အာမခံနဲ့ပတ်သက်လို့ ဆရာမေးထားတဲ့ မေးခွန်း ထဲမှာ ပါ ပါတယ်။ သူတစ်ပါးထိခိုက်မှု အာမခံဆိုတာမှာ သူတစ်ပါး ဆိုတဲ့ အဓိပ္ပာယ်က ကျွန်တော်တို့ အင်္ဂလိပ်လို့တော့ Party ကို ပြောတာပါ။ နိုင်ငံတော်ဟာ First Party ဖြစ်ပြီးတော့၊ မော်တော်ကား ပိုင်ရှင်တွေက ဒုတိယပါတီလို့ သဘောထားပါတယ်။ အဲဒီ ဒုတိယပါတီကြောင့် ထိခိုက်သွားတဲ့ လူတွေ၊ အများပြည်သူတွေကို သူတစ်ပါးဆိုပြီးတော့ Third Party ဆိုပြီး သဘောထားတာ ဖြစ်ပါတယ်။ ဖြစ်တော့ နိုင်ငံတော်ကနေပြီး မော်တော်ကားပိုင်ရှင်၊ ဒုတိယပါတီကို လိုင်စင်ထုတ်ပေးတဲ့အတွက်ကြောင့် အဲဒီ မော်တော်ကားတိုက်လို့ ပြည်သူတွေ သေဆုံးသွားတယ်။ ထိခိုက်ဒဏ်ရာရတယ်။ မစွမ်းမသန် ဖြစ်ရင် လည်းပဲ မော်တော်ကားပိုင်ရှင်မှာ တာဝန်ရှိသလိုပဲ နိုင်ငံတော်ကလည်းပဲ တာဝန်ရှိတဲ့အတွက်ကြောင့် ဒါကို လျော်ကြေးပေးရမယ်ဆိုတဲ့ သဘောတရားပါ။

အဲဒီ သဘောတရားကလည်းပဲ ကျွန်တော်တို့ ပထမကမ္ဘာစစ် ပြီးတဲ့နောက်ပိုင်း မော်တော်ကား တွေကို ကျယ်ကျယ်ပြန့်ပြန့် သုံးလာတဲ့အချိန်မှာ United Kingdom အင်္ဂလန်မှာ စပြီးတော့ ၁၉၃၀ ခုနှစ် မှာ စပြီးတော့ ပေါ်လာတာ ဖြစ်ပါတယ်။ အဲဒီတော့ စပေါ်ကတည်းကိုက နိုင်ငံတော်ရဲ့ တာဝန်ရှိမှုတွေနဲ့ လုပ်တာဖြစ်ပါတယ်။ ဖြစ်တော့ ကျွန်တော်တို့ အာမခံရိုးရိုးမှာကျတော့ ကျွန်တော်က Premium ပေးတယ် ဆိုရင် ကျွန်တော် ထိခိုက်ဒဏ်ရာရတဲ့အတွက်ကြောင့် အာမခံကုမ္ပဏီတွေက ကျွန်တော်ကို လျော်ပါတယ်။ ကျွန်တော်က Premium မပေးဘူးဆိုရင်တော့ ကျွန်တော်ဘာပဲဖြစ်ဖြစ် အာမခံကုမ္ပဏီက လှည့်မကြည့်တဲ့ သဘောရှိပါတယ်။ သို့သော် ခုန မော်တော်ကား သို့မဟုတ် စက်တပ်ယာဉ်နဲ့ ပတ်သက်တဲ့ ထိခိုက်နစ်နာမှု တွေမှာကျတော့ အာမခံပေးတဲ့သူက မော်တော်ကားပိုင်ရှင်က ပေးတာဖြစ်ပြီးတော့ ထိခိုက်နစ်နာသူ အနေနဲ့ တစ်ပြားမှပေးတာ မဟုတ်ပါဘူး။ သို့သော်လည်း နိုင်ငံတော်ရဲ့တာဝန်ရှိမှုအနေနဲ့ ဒါ ထိခိုက်နစ်နာ မှုအစား နိုင်ငံတော်က လျော်ပေးတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ သူတစ်ပါး ထိခိုက်မှု အာမခံရဲ့ သဘော ကလည်းပဲ Premium လို့ သတ်မှတ်တာထက်ကို သူက အခွန်အခကောက်တဲ့ သဘောမျိုး ဖြစ်ပါတယ်။ နိုင်ငံတော်ကနေပြီးတော့ ပြည်သူတွေ မော်တော်ကားကြောင့် ထိခိုက်နစ်နာသွားတာတွေကို လျော်ပေးဖို့ အတွက် အခွန်အခကောက်တဲ့သဘော ဖြစ်တဲ့အတွက် စကတည်းကကိုက နိုင်ငံပိုင်အာမခံကုမ္ပဏီက စပြီးတော့ ယခုအထက်ထိလည်းပဲ နိုင်ငံပိုင်အာမခံကုမ္ပဏီရှိတဲ့ နိုင်ငံတွေမှာတော့ နိုင်ငံပိုင်အာမခံ ကုမ္ပဏီကပဲ ဆက်ပြီးတော့ လုပ်နေတဲ့ အနေအထားရှိပါတယ်။

အဲဒါကြောင့်လည်းပဲ ကျွန်တော်တို့ မြန်မာပြည်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာအာမခံဥပဒေ ပုဒ်မ ၁၅ နဲ့ သူတစ်ပါးထိခိုက်မှု နည်းဥပဒေ နံပါတ်(၃)တို့မှာ ဒီအတိုင်းပဲ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ နောက်တစ်ခါ မြန်မာပြည်မှာကတော့ ယခုလက်ရှိကတော့ ကျပ်သိန်း(၅)သိန်းအထိကို နိုင်ငံတော်ပိုင်တဲ့ အာမခံ ကုမ္ပဏီတွေကပဲ လျော်ကြေးပေးပြီးတော့ (၅)သိန်းထက် ကျော်သွားတဲ့ သူတစ်ပါးထိခိုက်မှု အာမခံတွေကိုတော့ ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို အလုံးစုံမော်တော်ယာဉ်အာမခံရဲ့ အောက်မှာ လုပ်ခွင့်ပေးထားပြီး ဖြစ်ပါတယ်။

နောက်တစ်ခါ ဆရာမေးသွားတဲ့ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ One stop service လုပ်ပေးနိုင်သလား ဆိုတဲ့ မေးခွန်းပါ။ အရင်က ကျွန်တော်တို့ One stop service ကို မြင်သာ တို့၊ ဘာတို့မှာ လုပ်ပေးခဲ့ပါတယ်။ လုပ်ပေးရာကနေပြီးတော့၊ ကျွန်တော်တို့ ရုံးသွားဖွင့်ပြီးတော့ကို လုပ်ပေးပါတယ်။ အဲဒီကနေပြီးတော့ ကျွန်တော်တို့ ရုံးအတွက် နေရာမရှိဘူး ဆိုပြီး ဖယ်ပေးလိုက်ရတဲ့အတွက် နောက်ဆုံးမှာ ကျွန်တော်တို့ One stop service ကို လုပ်ပေးနိုင်ခြင်းမရှိဘဲ ဖြစ်သွားပါတယ်။ သို့သော်လည်းပဲ အခု ထောက်ကြန့်မှာ စခန်းအသစ်တစ်ခု ဖွင့်တဲ့အခါမှာကျတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ လက စပြီးတော့ One stop service လုပ်ပေးလျက်ရှိပါတယ်။ တခြားနေရာတွေမှာလည်းပဲ က.ည.န နဲ့ ပေါင်းပြီးတော့ သူတို့က နေရာပေးမယ်၊ LAN ချိတ်ဆက်ခွင့်ပေးမယ် ဆိုရင်တော့ ကျွန်တော်တို့ ဆက်လုပ်ဖို့ အစီအစဉ်တွေ ရှိပါတယ်ဆိုတဲ့အကြောင်း လေးစားစွာနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်ဆက်တွဲမေးခွန်း မေးမြန်းခွင့်ပြုဖို့ တင်ပြလိုပါတယ်။ ဒုတိယဝန်ကြီး ဖြေသွားတာလည်း အင်မတန်ရှင်းပါတယ်။ နိုင်ငံပိုင် အာမခံကုမ္ပဏီတွေရှိတဲ့ နိုင်ငံတွေမှာတော့ ဆက်လက်ဆောင်ရွက်တယ်လို့ ပြောပါတယ်။ သိချင်တာကတော့ မေးမြန်းလိုတာကတော့ မှန်ပါတယ်။ တစ်နှစ်ကျော်သက်တမ်းပဲ ရှိသေးတဲ့ ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို ခုချိန်မှာ မပေးသေးပေမယ့် နောင်တစ်နေ့တစ်ချိန်မှာ ပေးမယ့် အစီအစဉ် ရှိပါသလား။ ရှိမယ်ဆိုရင်လည်း အဲဒီကာလအပိုင်းအခြားက ဘယ်တော့လောက် ဖြစ်မလဲ။ ဒါမှမဟုတ်ရင်လည်း လုံးဝကို ပုဂ္ဂလိကကုမ္ပဏီတွေကို ဒီလုပ်ငန်းဆောင်ရွက်ခွင့်ပေးဖို့ အစီအစဉ် မရှိပါဘူးလား ဆိုတာကို မေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဆရာ ဒေါက်တာဦးမြတ်ဉာဏစိုး ရဲ့ နောက်ဆက်တွဲ မေးခွန်းကိုလည်း ကျွန်တော် ကြိုဆိုပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ မော်တော်ကားနဲ့ ပတ်သက်တဲ့ သူတစ်ပါးထိခိုက်မှု အာမခံဟာ အင်မတန်အရေးကြီးတဲ့ အာမခံ အမျိုးအစားထဲမှာ ပါပါတယ်။ ဘာကြောင့်လဲလို့ မေးရင် ယနေ့ ကမ္ဘာမှာပေါ့၊ တစ်နေ့ကို လူပေါင်း တစ်သိန်းခွဲလောက် ဆုံးနေပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နေ့တိုင်း လူပေါင်း တစ်သိန်းခွဲလောက် သေနေပါတယ်။ အဲဒီ တစ်သိန်းခွဲထဲမှာ မော်တော်ကားကြောင့် သေဆုံးတဲ့ဦးရေဟာ (၃၂၀၀) ကျော် ရှိပါတယ်။ နေ့စဉ် (၃၂၀၀)ကျော် မော်တော်ကားနဲ့ပတ်သက်ပြီး သေဆုံးနေပါတယ်။ အဲဒီတော့ တစ်နှစ်ကို စုစုပေါင်း (၁.၃)သန်းလောက်ဟာ မော်တော်ကားကြောင့် သေဆုံးနေကြပါတယ်။ ထို့အတူပဲ ထိခိုက်ဒဏ်ရာရတဲ့ ဦးရေဟာ တစ်နှစ်ကို သန်း(၂၀)ကနေ သန်း(၅၀)ကြားမှာ ရှိပါတယ်။ ထိခိုက်ဒဏ်ရာရတာ မစွမ်းမသန်ဖြစ်တာ အကုန် ပါ ပါတယ်ခင်ဗျား။ သန်း(၂၀)ကနေ သန်း(၅၀)ထိတော့ ဒီအာမခံဟာ

အင်မတန် အရေးကြီးတဲ့ အာမခံ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီအာမခံကို လောလောဆယ်မှာတော့ နိုင်ငံပိုင်ကပဲ လုပ်တာ သင့်တော်ပါတယ်။ နောက်တစ်ချက်ကလည်းပဲ ပုဂ္ဂလိက အာမခံ ကုမ္ပဏီတွေရဲ့ အရည်အသွေးကိုလည်းပဲ ကျွန်တော်တို့က စောင့်ကြည့်ပြီးတော့ တစ်နေ့၊ တစ်နေ့ဆိုတာ ဘယ်နေ့ရယ် လို့တော့ အတိအကျ သတ်မှတ်လို့ မရပါဘူး။ သူတို့ရဲ့ အရည်အသွေးတွေ သူတို့ရဲ့ အင်အားတွေ တိုးပွား လာတဲ့ တစ်နေ့မှာတော့ ဒါကို လုပ်ခွင့်ပေးနိုင်မယ့် အနေအထားရှိပါမယ်လို့ ဖြေကြားပါရစေခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သံတောင်ကြီးမြို့နယ်၊ ရှမ်းလယ်ပြင်နှင့် ကျောက်ဖျာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် စာသင်ဆောင် အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က သံတောင်ကြီးမြို့နယ်၊ ရှမ်းလယ်ပြင်နှင့် ကျောက်ဖျာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် စာသင်ဆောင် အဆောက်အအုံသစ်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းဟာ ပညာရေးနဲ့ ပတ်သက်ပါတယ်။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်မှာရှိတဲ့ ရှမ်းလယ်ပြင် အလယ်တန်းကျောင်းနဲ့ ကျောက်ဖျာ အလယ်တန်းကျောင်းကို ဒီအစိုးရသစ်လက်ထက်မှာပဲ အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးတဲ့အတွက် မိဘပြည်သူတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ ပါတယ်။ သူတို့ရဲ့ကိုယ်စား ပညာရေးဝန်ကြီးဌာနကိုလည်း ကျွန်တော် အထူးပဲကျေးဇူးတင်ပါတယ်။ ဒီ ကျောင်း(၂)ကျောင်းဟာ ၁၉၆၃ ခုနှစ်က ဆောက်လုပ်ထားတဲ့ အဆောက်အဦတွေ ဖြစ်တယ်။ တော်လှန်ရေးကောင်စီအစိုးရ တက်ကတည်းကကို အဲဒီရွာနှစ်ရွာကို အလယ်တန်းအဆင့်ကျောင်း သတ်မှတ်ပေးပြီးတော့ အလယ်တန်းအဆင့်အတွက် အဆောက်အဦ ဆောက်လုပ်ပေးပြီး ဖြစ်တယ်။ ၁၉၆၃ ခုနှစ်မှ ယနေ့ထိ နှစ်(၅၀)ပြည့် ကျောင်းအဆောက်အဦတွေက ဆွေးမြည့်ပျက်စီးနေပြီ ဖြစ်ပါတယ်။ ဥပမိရုပ်လည်း ပျက်နေပါတယ်။ ဒေသခံမိဘတွေက သူတို့ သားသမီးတွေ ပညာသင်ကြားဖို့အတွက်

တော်တော်လေးကို စိတ်ဝင်စားကြလို့ ထိန်းသိမ်းပြုပြင် မွမ်းမံထားလို့သာ ဒီနေ့ထိ အသုံးပြုဆဲဖြစ်ပါတယ်။ ဟိုတစ်လောကလည်း ကျောက်ဖျာ အ.လ.က ကျောင်းမှာ စာသင်ရင်းနဲ့ပဲ ယက်မကြီး ကျိုးကျသွားပါတယ်။ တော်သေးပါတယ်။ အဲဒီယက်မကြီးကအတွင်းက ဟောင်းလောင်းကြီးဖြစ်လို့ ကလေးတွေ ထိခိုက်ဒဏ်ရာ မရပါဘူး။ ဆောက်ထားတာ အလယ်တန်းကျောင်းအဆင့် အတွက်သာ ဖြစ်ပြီး ခုဟာ အထက်တန်းကျောင်း(ခွဲ) ဖြစ်နေပြီ ဖြစ်တဲ့အတွက် စာသင်ခန်းတွေ မလုံမလောက် ဖြစ်နေရပါတယ်။

အဲဒါကြောင့်မို့လို့ ကျောင်းတစ်ကျောင်းမှာရှိတဲ့ မိဘပြည်သူတွေရဲ့ကိုယ်စား မေးမြန်းလိုတာကတော့ သံတောင်ကြီးမြို့နယ်မှာရှိတဲ့ ကျောက်ဖျာ အ.ထ.က ကျောင်း(ခွဲ)နဲ့ ရှမ်းလယ်ပြင် အ.ထ.က ကျောင်း(ခွဲ)အတွက် လိုအပ်သော စာသင်ဆောင် အဆောက်အဦများကို နိုင်ငံတော်မှ ဆောက်လုပ်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ဒုတိယအချက်အနေနဲ့ ဆောက်လုပ်ပေးမည်ဆိုပါက ဘယ်ဘဏ္ဍာရေးနှစ်မှာ စတင်ဆောက်လုပ်ပေးမည် ဆိုတာကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိတ္ထီလာမြို့နယ်၊ မုန်တိုင်စံပြကျေးရွာ အမှတ်(၉၀) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က မိတ္ထီလာမြို့နယ်၊ မုန်တိုင်စံပြကျေးရွာ အမှတ်(၉၀) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်အဖွဲ့ဝင် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့နယ်၊ မုန်တိုင်စံပြကျေးရွာ အမှတ်(၉၀) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာအုပ်စု၊ မုန်တိုင်စံပြကျေးရွာဟာ မိတ္ထီလာမြို့ရဲ့ အနောက်ဘက် (၁၀)မိုင် (၃)ဖာလုံခန့် ဝေးပြီး မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦး လမ်းမကြီးဘေး၌ တည်ရှိပါတယ်။ ကျေးရွာအုပ်စုအနေဖြင့် ကျေးရွာခွဲပေါင်း(၇)ရွာဖြင့် ဖွဲ့စည်းထားရာ မုန်တိုင်စံပြကျေးရွာသည် အိမ်ထောင်စု(၁၂၈၂)စု၊ အိမ်ခြေ

(၁၂၈၂)အိမ်၊ လူဦးရေ (၈၆၇၈)ဦးရှိပြီး ကျေးလက်ကျန်းမာရေးဌာန၊ စည်ပင်သာယာ (၅)ရက်ဈေး၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေး ရှေ့တန်းရုံးများ ရှိတဲ့အပြင် ဒုတိယပုဂံမြို့ဟောင်းဟု တင်စားခေါ်ဝေါ် ထိုက်သော ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုး၊ အုတ်ကျောင်း၊ ကန်၊ ဇရပ်၊ လိုဏ်ဂူ၊ ဘုရားများ မြောက်မြားစွာ တည်ရှိသော ရွာတစ်ရွာ ဖြစ်ပါတယ်။ စံပြကျေးရွာအနေဖြင့် အမှတ်(၉၀) အခြေခံပညာ မူလတန်းကျောင်းအား ၁၉၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အလယ်တန်းကျောင်း(ခွဲ) ရရှိသည်အထိ ပညာရေး၏ လိုလားချက်များကို ကျေးရွာသူ/ကျေးရွာသားများမှ များစွာထောက်ပံ့ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ကျောင်း၌ ယနေ့အချိန်ထိ ကျောင်းအဆောက်အဦများနှင့်ပတ်သက်၍ ဆောက်လုပ်ပေးခဲ့ခြင်း မရှိပါ။ လက်ရှိ အဆောက်အဦများ အားလုံးဟာ ကျေးရွာသူ/ကျေးရွာသားများ၏ ပညာရေး အားပေးလိုလားမှု ကြောင့် အလယ်တန်းကျောင်းတစ်ကျောင်း၏ ဥပမိရုပ်ကို ပေါ်လွင်စေခဲ့ပါတယ်။

ယခုအခါ မုန်တိုင်စံပြကျေးရွာ အမှတ်(၉၀) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ မူလတန်းကျောင်းသား (၃၀၇)ဦး၊ အလယ်တန်းကျောင်းသား(၂၅၅)ဦး၊ မူလတန်း၊ အလယ်တန်းကျောင်းသား စုစုပေါင်း(၅၆၂)ဦး ရှိပါတယ်။ ကျောင်းသား အင်အားများပြားတဲ့ အပြင် (၃)နှစ် မှ (၄)နှစ်ကျော် ကျောင်းပျော်ကလေးများ (၅၂)ဦးအား လက်ခံထားသော်လည်း စာသင်ခုံ လုံလောက်မှု မရှိတဲ့အတွက် စာသင်ကြားနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ အမှတ်(၉၀) အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တွင် လက်ရှိ စာသင်ဆောင် (၆)ဆောင်ရှိပြီး၊ စာသင်ခန်း (၁၁)ခန်းရှိတဲ့အနက် ရှင်စောပု အဆောင်တစ်ခန်း သည် ကျောင်းအုပ်ကြီးရုံးခန်းဖြစ်ပြီး၊ တပင်ရွှေထီးအဆောင်တစ်ခန်းသည် ရပ်ဝေးမှ တာဝန်ကျဆရာမများ၏ လိုင်းခန်းအဖြစ် အသုံးပြုထားပါတယ်။ လက်ရှိ စာသင်ခန်း(၉)ခန်း၌ ကျောင်းသား/ ကျောင်းသူ (၅၆၂)ဦးအား စာသင်ခန်းအရေအတွက်နှင့် ကိုက်ညီမှုရှိအောင် ဖွဲ့စည်း ထားခြင်း ဖြစ်ပါတယ်။ စာသင်ခန်း တစ်ခန်းတွင် ကျောင်းသား (၃၅)ဦးမှ (၄၀)ဦးနှုန်းဖြင့် ထားရှိပါက စာသင်ခန်းပေါင်း(၁၆)ခန်းခန့် လိုအပ်မည်ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ ကျောင်းသားဦးရေ (၅၆၂)ဦးအား လက်ရှိ စာသင်ခန်း(၉)ခန်းတွင် အတန်း(ခွဲ)မရှိဘဲ ကျောင်းသားအရှိအတိုင်း စုပြုံသင်ကြား နေရခြင်း ဖြစ်ပါတယ်။ လက်ရှိ ကျောင်းသားဦးရေနဲ့ စာသင်ခန်းပေါင်း(၇)ခန်း လိုအပ်မည် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ထပ်မံတိုးပွားလာပါက အဆောက်အဦနှင့်စာသင်ခုံ လုံလောက်မှု မရှိသည့် ပြဿနာများ ဆက်လက်ကြုံတွေ့နိုင်ပါတယ်။ အမှတ်(၉၀)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ မုန်တိုင်ကျေးရွာအား အမှီပြု၍ မုန်တိုင်ကျေးရွာအုပ်စုမှ ရွာခွဲပေါင်း(၇)ရွာ၊ အိုင်ကြီးလည်ကျေးရွာအုပ်စုမှ ရွာခွဲ (၅)ရွာ၊ မွေကျေးရွာအုပ်စုမှ ရွာခွဲ(၂)ရွာ၊ အလယ်ရွာကျေးရွာအုပ်စုမှ ရွာခွဲ(၂)ရွာ၊ မြောက်လယ်အုပ်စုမှ ရွာခွဲ(၂)ရွာ၊ ဆည်ကုန်းကျေးရွာအုပ်စု အမြန်လမ်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်း မိသားစုဝင်များ၊ အမြန်လမ်း ဝန်ထမ်းမိသားစုများ၊ အမြန်လမ်းစားသောက်ဆိုင်များရှိ မိသားစုဝင် ကလေးများ အားလုံးသည် မုန်တိုင်ကျေးရွာရှိ အလယ်တန်းကျောင်း(ခွဲ)အား အမှီပြု၍ ပညာသင်ကြား နေကြခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းသားဦးရေနှင့်စာသင်ခန်း၊ စာသင်ခုံများ လုံလောက်မှုတမှု အမှန်တကယ် မရှိသည် ဖြစ်ပါ၍ မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာအုပ်စု၊ မုန်တိုင်စံပြကျေးရွာရှိ အမှတ်(၉၀) အခြေခံ ပညာ အလယ်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့နယ်၊ အောက်ချိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်၊ အောက်ချိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မင်းတပ်မြို့နယ်၊ အောက်ချိုင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ) အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မင်းတပ်မြို့နယ်ရှိ အောက်ချိုင်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)သည် မင်းတပ်မြို့မှ မိုင်ပေါင်း (၆၀)ကျော် ကွာဝေးပြီး မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ် ထိစပ်လျက်ရှိသော နယ်စပ်ဒေသတွင်ရှိသည့် ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒါကြောင့် မြို့နဲ့ များစွာအလှမ်းကွာဝေးနေပါတယ်။ အနီးအနားမှာရှိတဲ့ ကျေးရွာ(၁၂)ရွာရှိပြီး နှစ်စဉ်ကျောင်းသားဦးရေများပြားတဲ့ ကျောင်းလည်းဖြစ်ပါတယ်။ မင်းတပ်မြို့နယ်ရှိ အထက်တန်းကျောင်း(ခွဲ)များမှာ ကျောင်းသားဦးရေ အများဆုံး ကျောင်းလည်း ဖြစ်ပါတယ်။ ၁၉၇၀ မှာ အလယ်တန်းကျောင်း ရရှိခဲ့ပါတယ်။ အလယ်တန်းကျောင်း ရရှိတာ နှစ်ပေါင်း(၄၀)ကျော် ရှိပါပြီ။ ၂၀၀၈ ခုနှစ်မှာ အထက်တန်းကျောင်း(ခွဲ) ရရှိခဲ့ ပြီးတော့ အထက်တန်းကျောင်း(ခွဲ) ရရှိတာ (၆)နှစ်ကျော် ရှိပါပြီ။ ၂၀၁၂ ခုနှစ်မှာ ကိုယ်ထူကိုယ်ထ ကားလမ်း (၁၀)နှစ်တိုင်တိုင် ဖောက်လုပ်ခဲ့ကြတဲ့အတွက်ကြောင့် ကားလမ်းလည်းပေါက်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း အကြိမ်ကြိမ် ကားလမ်းပေါက်တဲ့အချိန်မှာ ရောက်ရှိခဲ့တဲ့ ကျေးရွာကြီး ဖြစ်သလို ၂၀၁၄ ဧပြီလမှာလည်း ကျေးရွာကွင်းဆင်းတဲ့အခါမှာ ဒေသခံပြည်သူများရဲ့ တင်ပြချက်ကို ယခုလို မေးခွန်းအဖြစ်နဲ့ မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

အနီးအနားကျေးရွာများမှ မိုးတွင်း ချောင်းကူးတံတားများ ကြိုးတံတား(၄)စင်းကို သွယ်တန်းပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းသူ/ကျောင်းသားများလည်း အောက်ချိုင်ကျေးရွာကို လာရောက်ပညာသင်ကြားတဲ့အခါမှာ မိုးတွင်းမှာ သွားလာရေးဟာ လုံခြုံစိတ်ချသွားပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းသူကျောင်းသားများအတွက်လည်း အင်မတန် အဆင်ပြေလာပါတယ်။ တံတား(၄)စင်းလည်း ထိုးထားပြီးသား ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာလည်း ကျောင်းသားဦးရေ ကြည့်မယ်ဆိုရင် အလယ်တန်းအဆင့်မှာ (၂၀၂)ဦး၊ အထက်တန်းကျောင်းသား (၈၂)ဦး မူလတန်းကျောင်းသား (၁၀၀)ဦး ရှိတဲ့အတွက်ကြောင့် စုစုပေါင်းကျောင်းသား (၃၈၄)ဦး ရှိပါတယ်။ မြို့နဲ့ အလှမ်းကွာဝေးလှပြီး ဝေးလံ

သီခေါင်တဲ့ဒေသဖြစ်ပြီး ယခုနှစ် ပညာသင်နှစ်မှာလည်း ကျောင်းသားဦးရေ (၄၀၀)ကျော် ရှိကြောင်း သိရပါတယ်။ မိမိတို့လို ဝေးလံခက်ခဲတဲ့ ဒေသအတွက် ကျောင်းသားများတဲ့ ကျောင်းစာရင်းမှာ ပါဝင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းအဆောက်အဦများ လုံလောက်မှု ရှိတဲ့အပြင် အမျိုးသမီး/အမျိုးသား ဘော်ဒါဆောင်များကို တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ အကူအညီနဲ့ ဆောက်လုပ်ထားပြီးလည်း ဖြစ်ပါတယ်။ မိမိတို့ဒေသ အခြေအနေအရ ကြည့်မယ်ဆိုရင် ဝေးလံလှတဲ့ဒေသမှာ အောက်ချိုင်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)ဟာ အဖက်ဖက်မှ ပြည့်စုံတယ်လို့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါကြောင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ မင်းတပ်မြို့နယ်ရှိ မြို့နှင့် အလှမ်းကွာဝေးလှပြီး ကားလမ်းဖောက်လုပ်နိုင်ခြင်း၊ ဒေသအခက်အခဲနှင့် စာလျှင် ကျောင်းသားများခြင်း၊ အဆောက်အဦ လုံလောက်ခြင်း တို့ကြောင့် အောက်ချိုင်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)အား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို အမှုတွဲနဲ့တကွ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီရဲ့ အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်း၊ ကော်(၃)ကော်ရဲ့ ထောက်ခံချက်နှင့်အတူ ပူးတွဲလျက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အင်းတော်ကြီးဒေသ၊ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက္ကုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်အတွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှ ဘတ်ဂျက်ချထားပေးပါရန်နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း က အင်းတော်ကြီးဒေသ၊ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက္ကုံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တွင် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်အတွက် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှ ဘတ်ဂျက် ချထားပေးပါရန်နှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနဲ့ လေ့လာသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ အင်းတော်ကြီးဒေသ၊ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက္ကုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်လျက်ရှိတဲ့ ကျောင်းဆောင်သစ်အတွက် ၂၀၁၄-

၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှ ဘတ်ဂျက်ချပေးရန်နှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းရတာကတော့ ကျွန်တော် နယ်ဆင်းတဲ့အခါမှာ မိဘပြည်သူများကနေပြီးတော့မှ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေရတဲ့ ကျောင်းကိစ္စကို သူတို့အနေနဲ့ နိုင်ငံတော်ကနေ ထောက်ပံ့ပေးဖို့ တင်ပြကြပါတယ်။ သူတို့အနေနဲ့လည်း ပြည်နယ်ကိုလည်း တင်ပြထားပြီးပြီလို့လည်း ပြောပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဟဲပု ကျေးရွာအုပ်စု၊ အလယ်တန်းကျောင်း အခု SS 25 အဆောင်ကြီးကို ကိုယ့်အားကိုယ်ကိုးနဲ့ တည်ဆောက်ထားတာက သိန်းပေါင်း(၂၀၀)ကျော် (၃၀၀)နီးပါးလောက်တော့ ပြီးထားပါပြီ။ သို့သော်လည်းပဲ မပြီးနိုင်သေးတဲ့အပိုင်းကို ကျွန်တော်တို့ ဒုတိယ(၆)လ RE ဖြည့်စွက်ရန်ပုံငွေကနေပြီးတော့မှ ထောက်ပံ့ပေးဖို့ တောင်းခံခြင်း ဖြစ်ပါတယ်။ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက္ကံကျေးရွာဟာ အိမ်ခြေ(၅၀၀)ဝန်းကျင်ရှိပြီးတော့မှ အလယ်တန်း(ခွဲ) ဖြစ်ပါတယ်။ ကျောင်းသားဦးရေက အလယ်တန်းအဆင့်က (၂၀၀)ကျော် မူလတန်းအဆင့်က (၃၀၀)ကျော် ရှိပါတယ်။ အားလုံး ကျောင်းသား(၅၀၀)ကျော် ရှိပါတယ်။ ဒါပေမဲ့ ၂၀၁၃-၂၀၁၄ ကို ကျွန်တော်တို့ အခု ကျောင်းဆောင်သစ် မဆောက်ခင်မှာ ကျွန်တော်တို့ ၂၀၀၅ ခုနှစ်မှာ အလျား(၂၂၀)ရှိ အနံ (၃၀) ရှိတဲ့ SS16 စာသင်ကျောင်းဆောင် တစ်ဆောင်ကို သူတို့ ဖွင့်လှစ်ပြီးတော့မှ စာသင်ခဲ့ပါတယ်။ (၈)တန်း ဖြစ်လာတယ်အခါကျတော့ ၂၀၁၃-၂၀၁၄ ကနေပြီး SS 25 ကို ကိုယ့်အားကိုယ်ကိုးနဲ့ပဲ ပြန်ဆောက်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ခုန တင်ပြသလို မပြီးနိုင်သေးတဲ့အပိုင်းကို အခု ရပ်နားထားရတဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နတ်မောက္ကံကျေးရွာ အနေနဲ့ကလည်း ၂၀၀၄-၂၀၀၅ မှာဆောက်ခဲ့တဲ့ SS16 စာသင်ကျောင်းဆောင်ကလည်း ကိုယ့်အားကိုယ်ကိုးနဲ့ ဆောက်ခဲ့တာ သိန်း (၅၀၀) ကျော် ဖြစ်ပါတယ်။ အခုတစ်ခါ မလောက်လို့ SS 25 ကို တစ်ခါ ပြန်ဆောက်တဲ့အခါ ကျောင်းဆောင် (၂)ဆောင်ဟာ (၁၀)နှစ်ကာလအတွင်းထဲမှာ (၂)ဆောင် ကိုယ့်အားကိုယ်ကိုး ဆောက်နေရတဲ့အတွက်ကြောင့် ရွာက မပြီးသတ်သေးတဲ့ အပိုင်းကို အကူအညီ တောင်းခံခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော့်အနေနဲ့ တင်ပြတောင်းဆိုလိုတာက ဟဲပု ကျေးရွာအုပ်စု၊ နမောက္ကံအလယ်တန်းကျောင်းမှာ ဆောက်လုပ်လျက်ရှိတဲ့ SS 25 ကျောင်းဆောင်အတွက် ကျန်ရှိ (၅၀)ရာခိုင်နှုန်းအတွက် ၂၀၁၄ ခုနှစ်၊ ဒုတိယ(၆)လ RE ဘတ်ဂျက်တွင် ရန်ပုံငွေမှ ချပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ နတ်မောက္ကံ အလယ်တန်းကျောင်း(ခွဲ) ကျောင်းသား(၅၀၀)ကျော် ရှိပြီး အလယ်တန်းအဆင့် ကျောင်းသား(၂၀၀)ကျော် ရှိပါတယ်။ သို့သော်လည်းပဲ အဲဒီကျောင်း ၂၀၁၄-၁၅ ဒီဘတ်ဂျက်မှာတော့ မပြည့်ပေမယ့် ၂၀၁၅-၁၆ မှာ အလယ်တန်းအဆင့် တိုးမြှင့်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ သိလိုတဲ့အတွက်ကြောင့်မို့ မေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရေဖြူမြို့နယ်၊ ကောင်းမှုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က ရေဖြူမြို့နယ်၊ ကောင်းမှုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေဖြင့် ရေဖြူမြို့နယ်၊ ကောင်းမှုကျေးရွာ အခြေခံ ပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့်မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဖြူမြို့နယ်၊ ကောင်းမှုကျေးရွာတွင် အိမ်ခြေ (၂၅၀)၊ အိမ်ထောင်စု(၃၀၀)စု၊ လူဦးရေ(၁၇၈၄)ဦး နေထိုင်လျက်ရှိကြပါတယ်။ ကောင်းမှုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် သူငယ်တန်း (၄၃)ဦး၊ ပထမတန်း(၃၈)ဦး၊ ဒုတိယတန်း(၅၀)ဦး၊ တတိယတန်း(၄၄)ဦး၊ စတုတ္ထတန်း(၃၄)ဦး၊ ပဉ္စမတန်း(၂၀)ဦး၊ ဆဋ္ဌမတန်း(၁၈)ဦးနှင့် သတ္တမတန်း(၂၀)ဦး စုစုပေါင်း ကျောင်းသူ/သားဦးရေ (၂၆၇)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ကောင်းမှုကျေးရွာအနီးရှိ ပေတခပ်ကျေးရွာ မူလတန်းကျောင်းမှ စတုတ္ထတန်း အောင်မြင်သော ကျောင်းသူ/ကျောင်းသားများလည်း အလယ်တန်းပညာကို လာရောက်သင်ယူလျက်ရှိကြပါတယ်။ ကောင်းမှုမူလတန်း လွန်ကျောင်းတွင် ဆရာ(၁၁)ဦးက ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကောင်းမှု မူလတန်းလွန်ကျောင်း တွင် စာသင်ဆောင် (၆၀ ပေ x ၃၀ ပေ) (၃)ခန်းတွဲ (၁)ဆောင်၊ (၅၀ ပေ x ၂၀ ပေ) (၂)ခန်းတွဲ (၂)ဆောင် ပေါင်း စာသင်ဆောင်(၃)ဆောင်တွင် အခန်း(၇)ခန်း ရှိပါတယ်။ အခန်း(၁)ခန်းကို စာကြည့်တိုက်နှင့် ရုံးခန်းအဖြစ် ဖွဲ့စည်းထားပါသဖြင့် စာသင်ခန်း(၆)ခန်းသာရှိပါတယ်။ သူငယ်တန်းမှ သတ္တမတန်း ကျောင်းသူ/ကျောင်းသားများအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ စာသင်ခန်း (၈)ခန်းဖြင့် သင်ကြားနေရသဖြင့် စာသင်ခန်း (၂)ခန်း လိုအပ်လျက်ရှိပါတယ်။

စတုတ္ထတန်းကျောင်းသား(၃၄)ဦးအတွက် စာကြည့်ခန်းနှင့် ဒုတိယတန်းကျောင်းသား (၅၀)ဦး တို့အတွက် မူလွန်ကျောင်းအနီးရှိ ဘုန်းတော်ကြီးကျောင်း ဥပုဒ်ဇရပ်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကတည်းက ယာယီစာသင်ကြားနေကြရပါတယ်။ ဥပုဒ်သည်များသည် ဝါတွင်းကာလတွင် ဥပုဒ်ဇရပ်သို့ လာရောက်ကြသောကြောင့် ကျောင်းသားများအတွက် စာသင်ကြားရန်နေရာ အခက်အခဲနှင့် ကြုံတွေ့နေ ကြရပါတယ်။ ဥပုဒ်ဇရပ်မှာလည်း ဟောင်းနွမ်းနေပြီဖြစ်ပါသဖြင့် ကျောင်းသားများ အန္တရာယ်ရှိမည်ကို စိုးရိမ်နေကြရပါတယ်။

ယခုအခါမှာ နိုင်ငံတော်အစိုးရသည် အခမဲ့မူလတန်းပညာ မသင်မနေရနှင့် အလယ်တန်း ပညာသင်ယူနိုင်ရေးကို စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသဖြင့် ကျောင်းသူ/ ကျောင်းသားများမှာ နှစ်စဉ် တိုးတက်လာနေပြီဖြစ်ပါတယ်။ ကောင်းမှုကျေးရွာ မူလွန်ကျောင်း၌ လက်ရှိ အချိန်တွင် ကျောင်းသားနှင့် စာသင်ခန်းများ မမျှတ၍ ကျောင်းဆောင်သစ် တစ်ဆောင် လိုအပ်နေ

သည်မှာ အမှန်ပဲဖြစ်ပါတယ်။ ကျောင်းဆောင်သစ်ဆောက်ရန် မြေနေရာလည်း ရှိပါတယ်။ ကျောင်းသူ/ကျောင်းသားများ စိတ်ချမ်းသာစွာ ပညာသင်ယူနိုင်ရန် လိုအပ်လျက်ရှိတဲ့ ကျောင်းဆောင်သစ် တစ်ဆောင် ရရှိရန် ရွာသူ/ရွာသားများက လိုလားတောင့်တလျက် ရှိကြပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းများကို တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) ကောင်းမှုကျေးရွာမူလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ယခုနှစ် ဘဏ္ဍာနှစ်တွင် အစီအစဉ် မရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်မှ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲ ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ဦးစွာ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များအသစ် တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ မြို့နယ်ဦးစားပေး အစီအစဉ်အလိုက်၊ ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ မြို့နယ်ဦးစားပေး အစီအစဉ်အလိုက်၊ တန်းစီဇယားအရ ကိုက်ညီမှုရှိသည့် သံတောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း(၁၆)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက် စာရင်းတွင် ငွေကျပ်(၃၇၈)သန်း လျာထားတင်ပြပြီး ဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်တော်ကြီး တင်ပြလာသော ရှမ်းလယ်ပြင်နှင့် ကျောက်ဖျာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်

တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြလာသော မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာအုပ်စု၊ မုန်တိုင်စံပြကျေးရွာရှိ အမှတ်(၉၀) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် (၁၂၀ ပေ x ၃၀ ပေ)၊ RC(၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ငွေကျပ် (၆၄.၈၀)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် အောက်ချိုင် အခြေခံပညာအထက်တန်းကျောင်းခွဲတွင် နဝမတန်း(၁၀)ဦး၊ ဒသမတန်း(၅)ဦး၊ စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား(၁၅)ဦးသာ ရှိပါတယ်။ ပညာရေးဝန်ကြီးဌာန ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ အပေါ် ထည့်သွင်းစဉ်းစား သတ်မှတ်ပါတယ်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန⊞တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များ အပေါ်မူတည်၍လည်း သတ်မှတ် ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများကို ဆောင်ရွက် ပေးလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာ အထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်နှင့်တင်ပြလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် ဦးဖေသောင်း ရဲ့မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြလာသော ကချင်ပြည်နယ်၊ အင်းတော်ကြီးဒေသ၊ ဟဲပုကျေးရွာအုပ်စု၊ နတ်မောက္ကုံ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ဆောက်လုပ်လျက်ရှိသော SS 25 ကျောင်းဆောင်သစ်၏ ကျန်ရှိနေသော (၅၀)ရာခိုင်နှုန်း အပြီးသတ်ရန်အတွက် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော ရန်ပုံငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (04 02) ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ တယ်။

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နတ်မောက္ကုံ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပဉ္စမတန်း(၆၉)ဦး၊ ဆဋ္ဌမတန်း(၆၁)ဦး၊ သတ္တမတန်း(၃၈)ဦး၊ အဋ္ဌမတန်း (၄၀)ဦး စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား(၂၀၈)ဦး ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများ ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ အပေါ် ထည့်သွင်းစဉ်းစားသတ်မှတ်ပါတယ်။ သို့ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးစသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာအလယ်တန်း

ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တင်ပြလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ရဲ့ မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်များအသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့်၊ သက်တမ်းကြာမြင့်သည့် အန္တရာယ်ရှိမှုအခြေအနေ၊ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားများတွင် ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက်တန်းစီဇယားအရ ရေဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း(၁၆)ကျောင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက် စာရင်းတွင် ငွေကျပ် (၈၅၈.၆၀) သန်း လျာထားပေးပြီးဖြစ်ပါတယ်။ ယခုကိုယ်စားလှယ် တင်ပြလာသော ကောင်းမှုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးအပ်ချက်အရ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ) က တင်သွင်းသွားတဲ့ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးဝင်းမောင် တင်သွင်းတဲ့ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၅-၉-၂၀၁၄ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးသန်းဆွေ ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ သည် ၂၁-၉-၂၀၁၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦးက အထူးဝမ်းနည်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးကျော်သူဦး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းလိုတဲ့အတွက် ခွင့်တောင်းခံခဲ့ရာ ခွင့်ပြုပေးတဲ့ ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားပါကြောင်း တင်ပြပါရစေခင်ဗျား။ ဒီကနေ့ တင်သွင်းမယ့် ဝမ်းနည်းကြောင်း အစီရင်ခံစာမျိုးဟာ အခြေအနေအရ ကြိုတင်တင်ပြလို့ရတဲ့ကိစ္စ မဟုတ်သလို ရှောင်လွှဲလို့မရတဲ့ ကိစ္စဖြစ်တဲ့အတွက် ဒီကနေ့ အရေးပေါ်တင်ပြရခြင်းပဲ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေသည် ကာလအတန်ကြာ မမာမကျန်းဖြစ်နေပြီး ခွဲစိတ်ကုသမှုမှာလည်း ခံထားရသူ ဖြစ်ပါတယ်။ သို့သော်လည်း ရှောင်လွှဲမရသော သင်္ခါရတရားအရ ၂၁-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် (၈) နာရီအချိန် သရက်မြို့တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားခဲ့ကြောင်း ဝမ်းနည်းကြေကွဲဖွယ်ရာ သိရှိရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးက ဝမ်းနည်းမဆုံး ဖြစ်ကြရတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ ကွယ်လွန်ခြင်းအတွက် (၁) အထူးဝမ်းနည်းကြောင်း၊ ကြေကွဲကြောင်း လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန်၊ (၂) ဦးသန်းဆွေ ကောင်းရာသုကတိ လားပါစေကြောင်း မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ အမျှအတန်းဝေ ဆုတောင်းသည့်အနေဖြင့် (၂)မိနစ်မျှ ငြိမ်သက်စွာ မေတ္တာပို့ဆုတောင်းပေးကြရန်အတွက် ဤလွှတ်တော်မှ ဆောင်ရွက်ပေးသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် ဝမ်းနည်းကြေကွဲမှု အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး တင်သွင်းတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ

ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကိုမှတ်တမ်းတင်ကြောင်းနဲ့ အဆိုပါအဆိုနဲ့ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးချက် မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူ၏ အမွေခံထံသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေ သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုသည့်အနေဖြင့် လွှတ်တော် ကိုယ်စားလှယ်များက (၂)မိနစ် မတ်တတ်ရပ်၍ငြိမ်သက်ဖို့ ဖြစ်ပါတယ်။ အခမ်းအနားမှူးက အချိန်ကို ကြည့်ပေးဖို့ ဖြစ်ပါတယ်။ အားလုံးမတ်တတ်ရပ်ကြပါ။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ (၂)မိနစ် ပြည့်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေးအရ တစ်နေ့တာ နေ့တွက် စရိတ်ကို စုပေါင်းကူညီထောက်ပံ့ရန် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ် ကူညီထောက်ပံ့ငွေကို မိသားစု ထံ ပေးပို့သွားမှာဖြစ်ကြောင်း အသိပေးအပ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]